# ခုခံတော်လှန်ခြင်း


## စစ်အာဏာသိမ်းပြီးချိန်မှစ၍ တနှစ်အတွင်း မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ရဲစွမ်းသတ္တိကိုစမ်းသပ်မှု။



HURFOM

Network for Human Rights Documentation - Burma
ND - Burma

KWAT



# နိဒါန်း

ဆယ်စုနှစ်များနှင့် ချီသည့် ပဋိပက္ခ စစ်ပွဲများအတွင်း မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် ၎င်းတို့၏ ကြံ့ခိုင် သန်မာမှုကို ပြသခဲ့ကြသည်။ တိုင်းပြည်တွင် နှစ်ပေါင်းများစွာ အမြစ်တွယ်နေသည့်ဖိုဝါဒကြီးစိုးမှု ကိုလည်း ပုံစံပြောင်းပစ်ကြသည်။ အမျိုးသမီးများအပေါ် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုများမှ ကာကွယ်ရန် ခိုင်မာသည့်ဥပဒေများ ပြဋ္ဌာန်းပေးရန်တောင်းဆို စည်းရုံးလှုံ့ဆော်ကြသည်။ အသက် ရှင်သန် ကျန်ရစ်သူများအား အကာအကွယ်ပေးရန်နှင့် တရားမျှတမှု ရရှိစေရန် အာ မခံမည့် ဥပဒေများ ပြဋ္ဌာန်းရန် ဆန္ဒမရှိသည်မှာ စိတ်ပျက်ဖွယ်ဖြစ်သည်။

မြန်မာစစ်တပ်၏ ရန်လိုသော သက်သေအဖြစ် ပြည်တွင်းပဋိပက္ခအတွင်း နှစ်ပေါင်းများစွာ လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခြင်းဖြစ်သည်။ ထိုသို့ မချိမဆန့် ခံစားရသည့် အခြေအနေအောက်တွင် အမျိုးသမီးနှင့် လုံမပျိုများမှာ ဝန်ထုတ်ဝန်ပိုးကို ထမ်းထားရသည်။ တိုက်ခိုက်မှုနှင့် ကြံစည်ထားသည့် အကြမ်းဖက်မှုများမှ လွတ်မြောက်ရန် ကြိုးပမ်းသည့် အမျိုးသမီးများမှာ စစ်သားများ၏ ပစ်မှတ်ထားခြင်း ခံရသည်။ အသက်ရှင်ကျန် လွတ်မြောက်လာသူများမှာလည်း စိတ်ဒဏ်ရာများ ရရှိထားပြီး လုံလောက် သည့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေး ပညာပေးမှုများ မရရှိပေ။ စစ်အာဏာရှင်တို့၏ လုပ်ရပ်ကြောင့် ၎င်းတို့၏ ဘဝ တသက်တာလုံး မိသားစုနှင့်အတူ အရှက်တကွဲ အကျိုးနဲမှုကိုခံစားကြရသည်။

တရားရုံးတွင် ဖြေရှင်းသည့် ကုန်ကျစရိတ် ကြီးမြင့်မှုနှင့် စစ်အာဏာရှင် တပ်သားများအား အကာအကွယ် ပေးထားမှုအပါအဝင် တရားမျှတမှု ရှာဖွေရေး လမ်းကြောင်းများကိုလည်း ပိတ်ဆို့ထားသည်။ စစ် အာဏာရှင်များသည် တာဝန်ယူ တာဝန်ခံမှုကို ရှောင်ကွင်းပြီး အကြိမ်ကြိမ် ထိုးစစ်ဆင်နေသည်။ နှစ် ပေါင်းရှည်ကြာ ကျင့်သုံးနေသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ဓလေ့ကြောင့် တရားစီရင်မှုစနစ်ကို အားနည်း သွားစေပြီး နစ်နာသူများ၏ ဂုဏ်သိက္ခာကို ချိုးနှိမ်ငြင်းပယ်ရာ ရောက်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းပြီးချိန်မှစ၍ စစ်သားများက ၎င်းတို့အား ဆန့်ကျင်ခုခံ သူများအား နည်းပေါင်းစုံဖြင့်ဖြိုခွဲခဲ့ရာပြည်သူလူထုမှာလည်း နှိပ်ကွပ်မှုပေါင်းစုံ ခံနေရသည်။စစ်တပ်၏ အကြမ်းဖက် ဖြိုခွဲမှုကြောင့် ပြည်သူ ၁၅၀၀ ကျော် သေဆုံးခဲ့ပြီး ရာနှင့်ချီ၍ ဒဏ်ရာရသည်ဟု မှတ်တမ်း တင်သည့် အဖွဲ့အစည်းများက အစီရင်ခံကြသည်။ ထိုသို့ တင်းမာပြင်းထန်သည့်အကြမ်းဖက်မှုများ နောက်ခံတွင် အမျိုးသမီးများ၏ ခုခံတွန်းလှန် လှုပ်ရှားမှုမှာ နေရာအနှံ့အပြားတွင် ပေါ်ပေါက်လာသည်။ စစ်အာဏာရှင်တို့အား ဆန့်ကျင် တွန်းလှန်နေသူများ၏ ရုပ်ပိုင်း၊ အသုံးပြုသည့် မိုဘိုင်းဖုန်းနှင့် အင် တာ နက် ဆက်သွယ်မှု လုံခြုံရေး ခြိမ်းခြောက်ခံနေရသော်လည်း ဒီမိုကရေစီရေး စည်းရုံးလှုပ်ရှားမှု များ ဆက်လက်လုပ်ဆောင်နေသည်။

မြန်မာစစ်တပ်များ နေရာယူ တပ်စွဲထားသည့်နေရာများတွင် အမျိုးသမီးများ၏ ဘဝမှာ လုံခြုံစိတ်ချရမှုမ ရှိပေ။ မည်သို့ပင်ဆိုစေကာမူ အပြောင်းအလဲအတွက် အမျိုးသမီးများ၏ အသံမှာ မဆုတ်မနစ် ထွက် ပေါ် နေပြီး ဆန့်ကျင်တားဆီးမှုများကို ကြံ့ကြံ့ခံလျှက်ရှိသည်မှာ အမှန်ပင်ဖြစ်သည်။

ယခုပူးတွဲအစီရင်ခံစာကို လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် မြန်မာနိုင်ငံ (ND–Burma), မွန်ပြည်လူ့အ ခွင့်အရေး ဖောင်ဒေးရှင်း (HURFOM) နှင့် ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ (KWAT) မှ ပြုစုထား ပြီး မြန်မာပြည်ရှိ အထူးသဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်မြောက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီး ရှိ အမျိုးသမီး နှင့် လုံမပျိုများမှာ လွန်ခဲ့သည့် နှစ်အတွင်း စစ်အာဏာရှင်တို့၏ ခြိမ်း ခြောက် အကြမ်းဖက်မှုကို မည်သို့ ခံနေရကြောင်း ဖော်ပြထားသည်။ အစီရင်ခံစာတွင် အမျိုးသမီး များ ကြုံတွေ့နေရသည့် စနစ်တကျ ခြိမ်းခြောက်၊ အကြမ်းဖက်ခံရမှုများကိုလည်း မည်သို့ ကျော်လွှားခဲ့ ကြသည်ကို ဖော်ပြထားသည်။

## အစီရင်ခံစာရေးသားသည့်နည်းနာ

အစီရင်ခံစာကို လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် မြန်မာနိုင်ငံ (ND–Burma), မွန်ပြည်လူ့အ ခွင့်အရေး ဖောင်ဒေးရှင်း (HURFOM) နှင့် ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ (KWAT) မှ ပူးပေါင်း ပြုစု ထားသည်။

အာဏာသိမ်းရန်ကြိုးပမ်းချိန်မှစပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရန် စိန်ခေါ်မှုများ နှင့် ပို၍ကြုံတွေ့လာရသည်။ စစ်အာဏာရှင်တို့သည် ၎င်းတို့အား ဆန့်ကျင်သူများကို ဟန့်တားရန် စစ်ဆေးရေးဂိတ်များကို နိုင်ငံအနှံ့ တိုးချဲ့ချထားပြီး ကျေးလက်နှင့် မြို့နယ်များတွင် ခရီးသွားလာသူများ အား စစ်ဆေးမေးမြန်း၍ အကြမ်းဖက်ကြသည်။ ထိုသို့ စစ်ဆေးကြရာတွင် မိုဘိုင်းဖုန်း၊ ကွန်ပျူတာနှင့် ၎င်းတို့အား ခြိမ်းခြောက်နိုင်သည်ဟု ယူဆသည့် ပစ္စည်းများအား သိမ်းယူကြသည်။ ထို့ကြောင့် ယခုအစီ ရင်ခံစာရေးသားသည့်အချိန်တွင် ရရှိသည့် သတင်း အချက်အလက်များအပေါ် အခြေခံ၍ အနီးစပ်ဆုံး ခန့်မှန်းတင်ပြထားခြင်းဖြစ်သည်။

လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းတင်သည့် ကွင်းဆင်းအချက်အလက် ကောက်ယူသူများကို မြန်မာစစ်အာဏာရှင်တို့က ခြိမ်းခြောက် နှောင့်ယှက် တိုက်ခိုက်ကြသည်။ ၎င်းတို့ အတွေ့အကြုံကို လူ့အခွင့်အရေးအဖွဲ့များသို့ ပြောဆိုသည့် အသက်ရှင်လွတ်မြောက် လာသူများကိုလည်း စစ်သားများက ခြိမ်းခြောက်ကြသည်။ လတ်တလောတွင် HURFOM အဖွဲ့သည် အပစ်အခတ်ရပ်စဲထားသည့် ဒေသနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးအစည်းအရုံး (KNU) နှင့် မွန်ပြည်သစ်ပါတီ (NMSP) ထိန်းချုပ်နယ် မြေများတွင် လုံခြုံစိတ်ချစွာ မှတ်တမ်းတင်နေသည်။ အဆိုပါ နယ်မြေများ ပြင်ပတွင် လူ့အခွင့်အရေး ချိုးဖောက်မှု အဖြစ်အပျက်နှင့် ထွက်ဆိုချက်များအား မှတ်တမ်းတင်ရာတွင် အဆုံးစွန်ဆုံး အန္တရာယ်ရှိ သည်။

ထိုနည်းတူစွာပင် KWAT အခြေစိုက်သည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် ကြုံတွေ့ရ သည်။ စစ်အာဏာရှင်တပ်များ တိုးချဲ့ အခြေစိုက်သည့် ဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ် ရပ်များနှင့် ထွက်ဆိုချက်များကို ကောက်ယူစုဆောင်းရန် ပိုမိုခက်ခဲလာသည်။

ယခုအစီရင်ခံစာပြုစုရာတွင် အချက်အလက်စုဆောင်းသူများနှင့် တွေ့ဆုံမေးမြန်း ဖြေကြားသူများက ၎င်းတို့၏ သတင်းအချက်အလက်နှင့် အတွေ့အကြုံများအား ND–Burma, HURFOM နှင့် KWAT အဖွဲ့များသို့ အသုံးပြုခွင့်ပေးကြသည်။ လူပုဂ္ဂိုလ်တဦးချင်းစီ၏ အချက်အလက်များအား ၎င်းတို့၏ လုံခြုံရေးအတွက် ပြောင်းလဲ အသုံးပြုထားပါသည်။

အန္တရာယ် အသွယ်သွယ်ကြားမှ ခိုင်မာသည့် သက်သေအထောက်အထားများ စုဆောင်းခြင်းနှင့် ထွက်ဆိုချက်များကို နစ်နာသူများနှင့် ၎င်းတို့၏ မိသားစုများ နိုင်ငံတကာ တရားစီရင်ရေး အဖွဲ့အသီး သီးတွင် တရားမျှတမှု ရရှိစေရန် ဖလှယ်ပေးခြင်းကို ယခုအစီရင်ခံစာတွင် ပူးတွဲရေးသားသည့် အဖွဲ့အစည်းများမှ အသိအမှတ်ပြုပါသည်။

## အကျဉ်းချုပ်

လွန်ခဲ့သည့်နှစ်တွင် မြန်မာပြည်သူများသည် ၎င်းတို့၏ စွမ်းအားနှင့် ကြံ့ကြံ့ခံနိုင်မှုကို နည်းပေါင်းစုံဖြင့် စမ်းသပ်ခံခဲ့ရသည်။ စစ်အာဏာရှင်တပ်သားများက မြို့ကြီးပြကြီးနှင့် ကျေးလက်ဒေသရှိ ပြည်သူများ ၏ အိုးအိမ်၊ ပစ္စည်း ဥစ္စာပိုင်ဆိုင်မှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖျက်ဆီးခြင်း၊ အတင်း အဓမ္မ ဖမ်းဆီးခြင်းဖြင့် အခွင့်အရေးချိုးဖောက်ကြသည်။ ပြည်သူများမှာ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ သတ်ဖြတ်ခံရခြင်းနှင့် လက်စတုန်း ဖျောက်ဖျက်ခံကြရသည်။ စစ်အာဏာရှင်တို့ ကျူးလွန်သည့် ရာဇဝတ်မှုများမှာ နိုင်ငံတကာဥပဒေအရ စိုးရိမ်ဖွယ်ဖြစ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်သည်မှာ ဧကန်မုချဖြစ်သည်။

မြန်မာပြည်တွင် ကျားမအခြေပြု အကြမ်းဖက်မှုသည် မြန်မာစစ်တပ်လွှမ်းမိုးထားသည့် ကာလ တလျှောက် ကူးစက်ရောဂါ အဖြစ်ရှိနေသည်။ တရားဥပဒေစိုးမိုးမှု မရှိသည့်အောက်တွင် အမျိုးသမီး များသည် လည်းတခြားတက်ကြွလှုပ်ရှားသူများနည်းတူ ဒီမိုကရေစီရေးအတွက် မြန်မာစစ်အာဏာ ရှင်တို့အား ဖြုတ်ချရန် ပူးပေါင်းပါဝင် တောင်းဆို လှုပ်ရှားကြသည်။

ဥပဒေမဲ့ အာဏာသိမ်းမှု ရလဒ်ကြောင့် အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အခန်းကဏ္ဍ ပြောင်းလဲလာခဲ့သည်။ ယခင်ခေတ်များနှင့်နှိုင်းယှဉ်။

မတော်မတရား အာဏာသိမ်းမှု၏ နောက်ဆက်တွဲအဖြစ် အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့် ရှောက်သူများသည် ယခင်ခေတ်များနည်းတူ စစ်အာဏာရှင် စနစ်ဆန့်ကျင်ရေးအတွက် ပုံစံမျိုးစုံဖြင့် တိုက်ပွဲဝင် လျှက်ရှိသည်။ ယခုအခါ

တွင်လုံးလုံးလျားလျား အာရုံစိုက် စည်းရုံးလှုံ့ဆော်နေသည်မှာမြန်မာစစ်တပ် အား လက်နက်တင်ပို့မှု ပိတ်ဆို့ခြင်းအပါအဝင် စစ်အာဏာရှင်များ အာဏာစွန့်လွှတ်ရန်နှင့် နိုင်ငံတကာ မှဝင်ရောက်ဖြေရှင်းမှုကို လက်ခံရန်ဖြစ်သည်။ ယခင်က အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက် ခွင့်ကို ချန်လှပ်ထားခြင်းက အမျိုးသမီးငယ်များ ရှေ့သို့ချီတက်ရန်အတွက် တွန်းအားဖြစ်စေသည်။

ဥပဒေမဲ့ အာဏာသိမ်းမှုကြောင့် အမျိုးသမီးအရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့် ရှောက်သူများ၏ အခန်းကဏ္ဍသည် ယခင်ခေတ်များနှင့်နှိုင်းယှဉ်လျှင် ပြောင်းလဲလာမှုများရှိ ခဲ့သည်။ ယခုအခါ လှုပ်ရှားဆောင်ရွက်မှုအများစုသည် အာဏာသိမ်းစစ်အုပ်စုတို့ အာဏာ လွှမ်းမိုးမှုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ ဝင်ရောက်ခွင့်ကို ငြင်းပယ်စေခြင်း၊ အာဏာချုပ် ကိုင်မှုကို အသိအမှတ်မပြု ငြင်းပယ်စေခြင်းနှင့် စစ်အုပ်စုတို့၏ လက်နက်ခဲယမ်း အရင်းအ မြစ်လမ်းကြောင်းများဆိုင်ရာ တိုက်တွန်းစည်းရုံးရေးများကို အဓိက အာရုံစိုက်လာကြသည်။

ယခင်ခေတ် အစိုးရအဆက်ဆက်တို့မှ အမျိုးသမီးများကို နိုင်ငံရေးမှ ဖယ်ထုတ်ခြင်းသည် အမျိုးသမီးငယ်များနှင့် အမျိုးသမီးထုတို့ကို ပိုမိုလှုပ်ရှားဆောင်ရွက်ရန် တွန်းအားပေးနေ သလို ဖြစ်စေခဲ့သည်။

ယခုအခါတွင် အမျိုးသမီးများသည် အစဉ်အလာတို့၏ ကန့်သတ်၊ ဖွင့်ဆိုချက်တို့မှ ရုန်းထွက်၍ ယခင်တော်လှန်ရေး များနည်းတူ လက်နက်စွဲကိုင် တော်လှန်နေကြပြီ ဖြစ်သည်။

စစ်အာဏာရှင်တပ်များအား ခုခံရန် ဒေသခံများ စုဖွဲ့ထားသည့် ပြည်သူ့ကာကွယ်ရေးတပ် (PDFs) များ သို့ ဝင်ရောက်ကြသည်။ အမျိုးသမီးများသည် ကျားမ ခွဲခြားသတ်မှတ်ထားသည့် စံများကို ကျော်လွှား၍ ရှေ့ဦးတော်လှန်ရေးတွင် ကျန်းမာရေးလုပ်သားများ၊ ရှေ့နေနှင့် သတင်းသမားများ အဖြစ် ပါဝင်ခဲ့ကြ သည်။ မြန်မာစစ်အာဏာရှင်များအား ဆန့်ကျင်ဆန္ဒပြသူများ၏ ၆၀ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများ ဖြစ်ကြသည် ။

အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ ရှေ့ဆုံးမှကြုံရသည့် ဝန်ထုတ်ဝန်ပိုးမှာ လုံခြုံစိတ် ချရမှုနှင့် ပြည်သူ့အခွင့်အရေး ဆုံးရှုံးမှုဖြစ်ပြီး ဆက်လက်ဖြစ်ပွားနေသည့် ကိုဗစ် ၁၉ ကပ်ရောဂါနှင့် ပေါင်းစပ်လိုက်သည့်အခါ အခြေအနေပိုဆိုးစေသည်။ အမျိုးသမီးများ ဘဝ လုံခြုံစိတ်ချရရေးမှာ နေ့စဉ် နှင့်အမျှ ဆတိုး ခြိမ်းခြောက်ခံနေရသည်။

သို့သော်လည်း အမျိုးသမီးအချင်းချင်း အတွေ့အကြုံဖလှယ်ခြင်းနှင့် သွေးစည်းညီညွတ်မှုကို ပြသနိုင်သ ဖြင့် ခံစားရမှုများ သက်သာလျော့ပါးစေသည်။ မတူကွဲပြားမှုများကို လက်ခံယုံကြည်ခြင်းသည် ဒီမိုက ရေစီရေး လှုပ်ရှားမှုကို ပို၍ အားကောင်းစေသည်။ စိန်ခေါ်မှုနှင့် အခက်အခဲများ ကြုံတွေ့ရင်ဆိုင်နေရ သော်လည်း မြန်မာအမျိုးသမီးများသည် တည်ကြည် ခိုင်မာ ကြံ့ကြံ့ခံတွန်းလှန်နိုင်စွမ်းရှိကြသည်။

# အခန်း၁။ မြန်မာနိုင်ငံရှိ အမျိုးသမီးနှင့် လုံမပျိုများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှု

စစ်အာဏာရှင်တို့က ဒီမိုကရေစီရေးလှုပ်ရှားသူများအား တုန့်ပြန်ရန်အတွက် စစ်အင်အားတိုးချဲ့ချထားပြီး ပြည်သူ လူထု ထိတ်လန့်စေရန် အကြမ်းဖက် ဖိနှိပ်ခြင်းဖြစ်သည်။ ဖိုဝါဒကြီးစိုးမှု သဘောထားနှင့် ယုံကြည်စွာကျင့်သုံးမှုက စစ်အာဏာရှင်တပ်များကို တည်ဆောက်သည့် အခြေခံအုတ်မြစ်ဖြစ်သည်။ စစ်တပ်၏ ယဉ်ကျေးမှုတွင်အမျိုးသမီးနှင့် လုံမပျိုများအပေါ် အကာအကွယ်ပေးရန် စိတ်ဝင်စားမှု မရှိခြင်းသည် အံ့သြစရာမဟုတ်ပေ။ လူထုက ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များ၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများဖြင့် ဖွဲ့စည်းထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က အထူးသဖြင့် လက်ရှိ မြေပြင်အခြေအနေတွင် အမျိုးသမီးအခွင့်အရေး ကာကွယ်ပေးရန် တောင်းဆို ထးသည်[၂]။

စစ်အာဏာသိမ်းပြီးနောက် စစ်အာဏာရှင်တို့ လက်ချက်ဖြင့် ပထမဆုံး သေဆုံးသွားသူမှာ အသက် ၂၁ နှစ်အရွယ် မမြသွဲ့သွဲ့ခိုင်ဖြစ်ပြီး နေပြည်တော်တွင် ငြိမ်းချမ်း စွာ ဆန္ဒပြနေစဉ် ဦးခေါင်းအား သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးသွားခြင်းဖြစ်သည်[၃]။

ထိုအချိန်မှစ၍ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့အထိ အမျိုးသ မီးနှင့် လုံမပျို ၁၀၀ ကျော်မှာ စစ်အာဏာရှင်တို့လက်ချက်ဖြင့် သေဆုံးကြရသည်[၄]။

အမျိုးသမီးနှင့် ကလေးများမှာ စစ်အာဏာရှင်တပ်များ၏ မုဒိန်းကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားမှု များ ခံကြရသည်။ စနစ်တကျ စော်ကားမှုများကို အကြမ်းဖက် ခြိမ်းခြောက်ရန်နှင့် ၎င်းတို့အား မတွန်းလှန်ဝံ့စေရန် တမင်ကြံရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ စစ်အာဏာရှင်တို့၏ ကျူးလွန်မှုများမှာ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့် ပြစ်မှုများ မြောက်သည်။



အောက်ပါ ဖြစ်ရပ်များမှာ စစ်အာဏာရှင်တပ်များမှ အမျိုးသမီးနှင့် ကလေးများအပေါ် ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို KWAT, HURFOM နှင့် ND-Burma တို့မှ မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

## အတင်းအဓမ္မဖမ်းဆီးခြင်း

စစ်အာဏာသိမ်းမှုအား စတင်ဆန့်ကျင်သည့် အချိန်မှစပြီး အရပ်သားများအား အတင်းအကြပ်ဖမ်းဆီး ခြင်းကို အာဏာရှင်တပ်များချထားသည့် နေရာများတွင် အကြိမ်ကြိမ်ကျင့်သုံးနေသည့် နည်းလမ်းဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစပြီး ဖမ်းဆီးထိန်းသိမ်းခံရသည့် အမျိုးသမီး ၁၅၀၀ ကျော် ရှိသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် PDFs နှင့် ဆက်နွယ်မှုရှိသည်ဟု သံသယဖြင့် ထားဝယ်ထောင် တွင် ဖမ်းဆီးထားသည့် အောက်ပါ နိုင်ငံရေးအကျဉ်းသူ ၈ ဦးအား အာဏာရှင်တို့၏ အထူးခုံရုံးမှ ထောင်ဒဏ် ၂ နှစ်မှ ၉ နှစ်အထိ အသီးသီး ချမှတ်ခဲ့သည်[၅]။

- ဒေါ်အေးအေးခိုင် (ထောင်ဒဏ် ၉နှစ်)
- ဒေါ်မြမြလွင် (ထောင်ဒဏ် ၉နှစ်)
- ဒေါ်မြမြစိုး (ထောင်ဒဏ် ၉နှစ်)
- မသိမ့်သိမ့်ဇင်ဖြူ ထားဝယ်နည်းပညာတက္ကသိုလ် (ထောင်ဒဏ် ၂နှစ်နှင့် အမှုရင်ဆိုင်ရဆဲ)
- မလင်းမြတ်မိုး (ထောင်ဒဏ် ၂နှစ်)
- မနှင်းနှင်းယု (ထောင်ဒဏ် ၂နှစ်)
- မမြတ်မြတ် (ထောင်ဒဏ် ၂နှစ်)
- ဒေါ်သက်သက်ထွေး (ထောင်ဒဏ် ၂နှစ်)

၎င်းတို့အထဲမှ တဦး၏ မိသားစုမှ HURFOM သို့ ယခုလိုပြောသည်။ "အကြမ်းဖက်မှု စွဲချက်နဲ့ ထောင်ဒဏ် ၉နှစ်ချခံရတာ သိပ်များသွားပြီ... သူတို့က အကြမ်းဖက်သမားတွေမှ မဟုတ်တာ" [၆]

ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် ယောကျ်ားလေး ၁၅ ဦးနှင့် မိန်းကလေး ၉ ဦး စုစုပေါင်း လူငယ် ၂၄ ဦးသည် လောင်းလုံမြို့နယ် သဗျာကျေးရွာတွင် စစ်အာဏာရှင်တပ်များ၏ အတင်းအကြပ် ဖမ်းဆီးခြင်းခံရသည်[၇]။ လူငယ်များ မွေးနေ့ပွဲကျင်းပနေစဉ် စစ်သားများ ရောက်ရှိ၍ ဝိုင်းထားကြသည်။ နောက်ထပ် ကားတစီးရောက်ရှိလာပြီးနောက် လူငယ်အကုန်လုံးအား ဖမ်းဆီးသွားခြင်းဖြစ်သည်။ ယခု လောလောဆယ်တွင် ဆင်အိုင်ကျေးရွာသား ၃ ဦးနှင့် သဗျာကျေးရွာသား ၂၄ ဦးမှာ လောင်းလုံမြို့နယ် ရဲစခန်းတွင် ဖမ်းဆီးခံထားရသည်။

များမကြာမီက ထားဝယ် တက္ကသိုလ်မှ ကျောင်းသူ ၂ ဦးအား စစ်ဘေးရှင်ပြည်သူများအား ငွေလှူခဲ့သည့်အတွက် ဖမ်းဆီးပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ထောင်ဒဏ် ၇ နှစ်စီ အသီးသီး ချမှတ်ခဲ့သည်[၈]။ အသက် ၁၉နှစ်ရှိ မအိခြူးခြူးမော်နှင့် အသက် ၂၀ ရှိ မလင်းလက်ကြယ် တို့အား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် ဖမ်းဆီးတရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ နှစ်ဦးအား KBZ pay မှတဆင့် ငွေ ၅၀၀၀ ကျပ် ပေးလှူမှုဖြင့် ထားဝယ်မြို့၊ မေတ္တာမြို့နယ် ဟသ်ာပြင်နှင့် ဟသ်ာကျေးရွာများရှိ နေအိမ်တွင် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့က စစ်အာဏာရှင်တပ်များမှ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်နယ်တွင် ငြိမ်းချမ်းစွာ ဆန္ဒပြသော်လည်း စစ်အာဏာရှင်တို့၏ အကြမ်းဖက်မှုနှင့် ကြုံတွေ့ရသည်။ အာဏာသိမ်းပြီး နောက်တပတ်အကြာတွင် အထက်တန်းပြ ကျောင်းဆရာမတဦး အပါအဝင် အမျိုးသမီးနှစ်ဦးသည် ဝိုင်းမော်မြို့နယ်တွင် ဆန္ဒပြမှုဖြင့် စစ်အာဏာရှင်တို့၏ အတင်းအကြပ် ဖမ်းဆီးမှု ကိုခံရသည်[၉]။ သဘောထားကွဲသူများ တိတ်ဆိတ်ငြိမ်သက်သွားစေရန်အတွက် စစ်အာဏာရှင်တို့က ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ) ကို မတော်မတရားအသုံးပြုလျှက်ရှိသည်[၁၀]။

၂၀၂၁ ခုနှစ် မတ်လ ၁ ရက်နှင့် ၁၁ ရက်နေ့အတွင်း ဆန္ဒပြသူများအား ရဲမှဖမ်းဆီးရန် ကြိုးပမ်းနေစဉ် အမျိုးသမီးတဦးက သူမ၏ ကားဖြင့် ပိတ်ဆို့ကာကွယ်ပေးသဖြင့် ဖမ်းဆီးခံရပြီး နောက်ထပ်တဦးမှာ ဆန္ဒပြပွဲအတွင်း ပါဝင်မှုဖြင့် ဖမ်းဆီးခံရသည်[၁၁]။ KWAT အဖွဲ့မှ မှတ်တမ်းတင်ထားမှုအရ ၂၀၂၁ ခုနှစ် ဇွန် လမှ အောက်တိုဘာလအထိ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင်တွင် ပြည်သူ အနည်း ဆုံး ၇၇ ဦး အတင်းအဓမ္မဖမ်းဆီးခံခဲ့ရသည်[၁၂]။





# အမျိုးသမီးများ၏ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်းနှင့်သိမ်းဆည်းခြင်း

တက်ကြွလှုပ်ရှားသူများ၏ မိသားစုဝင်များမှာ စောင့်ကြည့်ခံနေရပြီး စစ်ထောက်လှမ်းရေး အရာရှိများ ၏ ပုံမှန်လာရောက် စစ်ဆေးမေးမြန်းကိုခံရသည်။ စစ်အာဏာရှင်တို့အတွက် သတင်းပေးသူများမှာလည်း ကျေးရွာနှင့် မြို့နယ်များတွင် အခြေစိုက်ပြီး သဘောထားကွဲသူများကို ရှာဖွေ၍ အာဏာပိုင်များထံ သတင်းပို့ကြသည်။

အကြမ်းမဖက် အာဏာဖီဆန်ရေး (CDM) လှုပ်ရှားမှုတွင် ပါဝင်သူများ၏ ပိုင်ဆိုင်မှုများမှာလည်း ဖျက် ဆီးခြင်းနှင့် သိမ်းဆည်းခြင်းခံရသည်။ ထို့ကြောင့် အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် နယ်စပ်ဒေသနှင့် မည်သည့်နေရာမှန်း မသိသည့် ဒေသများသို့ မဖြစ်မနေ ထွက်ပြေးကြရသည်။ မိသားစုဝင်များအား ထား၍ထွက်ပြေးရခြင်းအပါအဝင် မဖြစ်မနေ ခက်ခဲစွာ ဆုံးဖြတ်ချက် ချရသည့် အမျိုးသမီးများသည် စိတ်ထိခိုက်မှု ခံစားကြရသည်။

မမြင်ရသည့် စွမ်းအားနှင့် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ၎င်းတို့လျှောက်လှမ်းရမည့်အရာကို ရွေးချယ် ခြင်းဖြစ်သည်။

ကရင်ပြည်နယ် ဘားအံမြို့မှ ဆန္ဒပြခေါင်းဆောင် နော်ဆေးပေါ် အပါအဝင် ပြည်သူအနည်းဆုံး ၅ ဦးမှာ PDFs နှင့်NUG ကို ထောက်ခံ ပံ့ပိုးပေးသည်ဟု စွပ်စွဲပြီး ၎င်းတို့၏ အိမ်နှင့် ပိုင်ဆိုင်မှုများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် သိမ်းဆည်းခဲ့သည်[၁၃]။ စစ်အာဏာရှင်တပ်များနှင့် ထွေအုပ်အရာရှိများက အိမ်ပိုင်ရှင်သည် ‘အကြမ်းဖက်လှုပ်ရှားမှု’များရှိပြီး ‘တရားမဝင်’ လက်နက်ကိုင်အဖွဲ့များအား ထောက်ပံ့သည့်အတွက် အဆောက်အအုံအား ချိတ်ပိတ်လိုက်သည်ဟု သတိပေးစာကပ်ခဲ့သည်။ ကော့ကရိတ်မြို့ပြင်ရှိ နောက်ထပ် အိမ်နှစ်လုံးနှင့် ပိုင်ဆိုင်မှုများကို စစ်အာဏာရှင်တပ်များက သိမ်းဆည်းချိတ်ပိတ်ခဲ့သည်။

မွန်ပြည်နယ်ရှိ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အိမ် နှင့် ပိုင်ဆိုင်မှုများအားလည်း ဆက်လျှက် သိမ်းဆည်းချိတ်ပိတ်လျှက်ရှိသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် (NLD) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း ဒေါ်သီရိရတနာ၏ မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ အိမ်နှင့် ပိုင်ဆိုင်မှုများအား ဖေဖော်ဝါရီ ၁၈ ရက်နေ့တွင် ထွေအုပ်မှသိမ်းဆည်းချိတ်ပိတ်ခဲ့သည်ဟု ဒေါ်သီရိရတနာ၏ မိသားစုဝင်များက ပြောသည်။ သူမသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစပြီး NUG နှင့် ဆက် သွယ်ခဲ့သည်ဟု စွပ်စွဲခံရသည်။ မြို့နယ် ထွေအုပ်နှင့် စစ်တပ်မှဦးဆောင်သည့် အင်အား ၁၅ ဦးရောက်ရှိလာပြီး အိမ်နှင့် ပိုင်ဆိုင်မှုများကို သိမ်းဆည်းခဲ့ခြင်းဖြစ်သည်[၁၄]။

ထို့အပြင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်ရှိ NLD အမတ်ဟောင်း ဒေါ်ခင်ကျော့ဖြူနှင့် မွန်ပြည်နယ် သထုံမြို့ရှိ ဦးအောင်ကျော်သူ၏ အိမ်အား ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် စစ်အာဏာရှင်များမှ သိမ်းဆည်းခဲ့သည်[၁၅]။ ၎င်းတို့ နှစ်ဦးအားလည်း NUG နှင့် PDFs ကို ထောက်ခံပံ့ပိုးသည်ဟု စွပ်စွဲခံရသည်။

မိသားစုနှင့်အတူ ငြိမ်းချမ်းစွာ အတူနေထိုင်သည့် အမျိုးသမီးများသည် စစ်အာဏာရှင်တို့၏ အဓမ္မ လုပ်ဆောင်မှုကြောင့် အခြေပျက် အနေပျက်ဘဝသို့ ရောက်ရှိသွားကြသည်။ အိမ်များကို လက်လွတ်စပယ် ပစ်မှတ်ထားပြီး မီးရှို့ကြပြီး ပစ္စည်းဥစ္စာ၊ တန်ဖိုးကြီးအရာများနှင့် အိမ်မွေးတိရစ္ဆာန်များကို စစ်အာဏာရှင်တပ်များမှ ခိုးယူကြသည်။

ND-Burma နှင့် တွေ့ဆုံခဲ့သည့် အမျိုးသမီးတဦးက သူမ၏ မိသားစုပိုင်အိမ်အား စစ်အာဏာရှင်တပ်များ မှ ဖျက်ဆီးခဲ့ပုံကို ကြားသိရသည့်အကြောင်း ယခုလို ပြန်ပြောသည်။

“၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်နေ့မှာ ကျမတို့အိမ်ကို မြန်မာစစ်တပ်က ဖျက်ဆီးသွားပြီလို့ ညီမ ဖြစ်သူက ပြောတယ်။ သူ့ကိုလည်း ရွာလူကြီးက ပြန်ပြောလို့ သိရတာ။ တိုက်ပွဲတွေကတော့ ကျမတို့ ရွာမှာ ပုံမှန်ဖြစ်နေတယ်။ စစ်တပ်က လက်နက်ကြီးပစ်တာနဲ့ စစ်တပ်နဲ့ ကရင်နီကာကွယ်ရေးတပ် တွေကြား တိုက်ပွဲဖြစ်နေတာက လွတ်အောင် ကျမတို့အိမ်ကို ပစ်ပြီး လွိုင်ကော်ကို ရှောင်ဖို့ သွား ခဲ့တယ်။ ဒါပေမယ့် လွိုင်ကော်မှာလည်း မလုံခြုံပါဘူး ဒါနဲ့ ကျမ အမေနဲ့ အဖေက ရှမ်းပြည်မြို့တော် တောင်ကြီးကို ထပ်ပြောင်းသွားတယ်။ ကျမညီမ မိသားစုကတော့ ကရင်နီပြည်နယ် ဖားဆောင်းမြို့ နယ်က မော်ချီးကို ရွှေ့သွားပြီး ကျမကတော့ ရန်ကုန်ကို ထွက်သွားလိုက်တယ်။

ကျမသူငယ်ချင်းတွေ အပြောအရ စစ်အာဏာရှင်တပ်တွေက ကျမတို့ရွာကို သိမ်းထားတုန်းလို့ သိရ တယ်။ ကျမအိမ်က တောင်ပေါ်မှာရှိပြီး နှစ်ထပ်အမြင့် ပုံစံမျိုးဆောက်ထားတာ။ သူတို့က အဲဒီမှာ တော်လှန်ရေးသမားတွေ ခိုအောင်းနေတယ်သို့ သံသယဖြစ်ကြတယ်။ နယ်မြေရှင်းလင်းတဲ့အနေနဲ့ စစ်သားတွေက ကျမအိမ်ကို လက်နက်ကြီးတွေနဲ့ပစ်ပြီး ဖြိုဖျက်လိုက်တယ်။

သူတို့ကျမအိမ်ကို မဖျက်ခင် လိုချင်တာတွေ အကုန်ခိုးပြီး ၁၂ ဘီးကားနဲ့ တင်သွားတယ်။ ကျမ အမေက အငြိမ်းစား ကျောင်းဆရာမပါ။ မနှစ်က အငြိမ်းစားယူပြီး ပင်စင်စားတယောက်ပါ။ ကျမ မိဘ တွေက အလုပ်ကြိုးစားပြီး သူတို့အိပ်မက်ဖြစ်တဲ့ အိမ်ကိုဆောက်ခဲ့တာပါ။ ကျမတို့ဒီအိမ်မှာ ၁၀ နှစ် ကြာနေခဲ့ပါတယ်။ အခုတော့ သွားပြီ။ ကျမတို့ ပြန်သွားရင် ဘယ်မှာနေရမယ်မှန်း မသိတော့ဘူး။ ဆိုတော့ ကျမတို့ ဘယ်သွားရမှန်း မသိတော့ပါဘူး။

အာဏာမသိမ်းခင်တုန်းက ကျမတို့မိသားစုဘဝက ငြိမ်းငြိမ်းချမ်းချမ်းပါဘဲ။ ကျမတို့ သက်ရှိထင်ရှား ရှိနေတုန်းပါဘဲ ဒါပေမယ့် သေသွားတာနဲ့ ဘာမှမထူးခြားတော့ဘူး။ ကျမတို့မိသားစုတွေ လုံခြုံရေး အတွက် တကွဲတပြားနဲ့ နေရတယ်။ ကရင်နီပြည်နယ်ဆိုတာ မြန်မာပြည်ထဲက အသေးဆုံးပြည်နယ် ပါ ဒါပေမယ့် စစ်အာဏာရှင်တပ်တွေက နေ့တိုင်း မြင်မြင်ရာ လေယာဥ်နဲ့ ဗုံးကြဲလိုက် အမြောက်နဲ့ ပစ်လိုက်နဲ့။

ကျမတို့အိမ်လေးအကြောင်း တွေးမိလိုက်တိုင်း စိတ်ခါတ်ကျပြီး နာကျင်ရတယ်။ ကျမ အရမ်း စိတ် ပျက်မိပေမယ့် ငိုစရာ မျက်ရည်တောင် မရှိတော့ဘူး။ သူတို့ဘာကြောင့် ကျမတို့အပေါ် လုပ်ရက်တာလဲ? အိမ်နဲ့တူတဲ့ နေရာဆိုတာ မရှိဘူး။ စစ်သားတွေက အိမ်ရဲ့ တန်ဖိုးဆိုတာကို မသိကြဘူး။ အိမ်တ လုံးဖြစ်အောင် ကြိုးစားရတာ ဘယ်လောက်ခက်ခဲတယ်ဆိုတာ သူတို့မသိကြဘူး။ စစ်အာဏာရှင် တွေက ကျမတို့ဘဝတွေ၊ အိပ်မက်တွေ၊ ချင်ခင်တွယ်တာစရာတွေ အကုန်လုံးကို ဖျက်ဆီးလိုက်ပြီ။ သူတို့လုပ်ရပ်တွေအတွက် တာဝန်ယူ တာဝန်ခံရမယ်[၁၆]။








အပေါ်ဆုံးမှ ဓါတ်ပုံ: အမြင့်ပုံဆောက်ထားသည့် မိသားစုအိမ်
အောက်ဆုံးမှ ဓါတ်ပုံ: အဆိုပါအိမ်အား စစ်အာဏာရှင်များမှ ဖျက်ဆီးပြီးနောက် တွေ့ရပုံ

## အမျိုးသမီးများ ပျောက်ဆုံးနေခြင်းနှင့် အတင်းအဓမ္မခေါ်ဆောင်ခံရခြင်း

ဒီမိုကရေစီလိုလားသူများ၏ လှုပ်ရှားမှုကို ရပ်တန့်စေရန် စစ်အာဏာရှင်များ ကျင့်သုံးသည့် နည်းလမ်း တခုမှာ လက်စတုန်းဖျောက်ဖျက်ခြင်းနှင့် အတင်းအဓမ္မခေါ်ဆောင်ခြင်းဖြစ်သည်။

ယခုနှစ်အစမှစ၍ ပျောက်ဆုံးနေသည့် အမျိုးသမီးငယ် ၅ ဦးအား ထားဝယ်မြို့၊ သရက်ချောင်းမြို့နယ် လောင်းလုံနှင့် ရေဖြူကျေးရွာတို့ရှိ မိသားစုဝင်များက အဆက်အသွယ် မရသေးပေ[၁၇]။ ပျောက်ဆုံးသူ တဦးဖြစ်သည့် အသက် ၂၂ နှစ်အရွယ် မစင်ကြယ်ထက် သည် ဒေသခံပြောက်ကျားတပ်ဖွဲ့နှင့် ဆက်သွယ်မှု ရှိသည်ဟု သံသယဖြင့် ဖမ်းဆီးခံရခြင်းဖြစ်သည်။ ၎င်းတို့နှင့် သမီးဖြစ်သူများ အသက်အန္တရာယ်ရှိသည့်အတွက် မိသားစုဝင်များသည် စစ်တပ် တပ်ရင်းများသို့ သွားရောက် စုံစမ်းခြင်းမပြုဝံ့ပေ။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုဈေးရှိ ရွှေစင်ဝင်း ရွှေငွေလက်ဝတ်ရတနာ ဆိုင်ပိုင်ရှင် ဒေါ်ဝင်းဝင်းစိုးအား ညှော်စာရင်းစစ်နေစဉ် အတင်းအဓမ္မ ဖမ်းဆီးသွားသည်[၁၈]။ စစ်သားများ ဝင်ရောက်လာပြီး သန်းကောင်စာရင်း ပြခိုင်းခဲ့သည်။ စစ်သားများက ဒေါ်ဝင်းဝင်းစိုးအား ဖမ်းဝရမ်းမပါ ဘဲ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ရပ်ကွက်အုပ်ချုပ်ရေးနှင့် နီးစပ်သည့်အသိုင်းအဝိုင်းအဆိုအရ သူမသည် PDFs များကို လက်နက်ထောက်ပံ့ခဲ့သည့်အတွက် ဖမ်းဆီးခြင်းဖြစ်သည်။ သူမအား မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို မသိရပေ။

## ပျောက်ဆုံးခြင်း

ပြည်သူများမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစပြီး ပစ်မှတ်ထားခံနေရသည်။ ထို့ကြောင့် ရပ်ရွာအသိုင်းအဝိုင်းအတွင်း စိုးရိမ်ကြောက်လန့်မှုများရှိနေပြီး ၎င်းတို့အိုးအိမ်များကို စွန့်ခွာရန်အတွက် ခက်ခဲသည့် တိုင်ပင်မှုများ ပြုလုပ်ကြသည်။

ကရင်နီ (ကယား) ပြည်နယ်မှ အသက် ၃၈ နှစ်အရွယ်ရှိ ထူးထူးနှင့် တွေ့ဆုံမေးမြန်းရာတွင် နေရပ်မှ ရှောင်တိမ်းရန် မိသားစုနှင့် တိုင်ပင်ဆုံးဖြတ်ရသည်မှာ ကြောက်လန့်စိုးရိမ်မှုများ အပြည့်ဖြစ်ဖြစ်ပြီး ရှမ်းပြည်နယ်ရှိ ခိုလှုံရာနေရာသို့ ဘေးကင်းလုံခြုံစွာ ရောက်ရန် မသေခြာ မရေရာသည့်အတွက် ဖြစ်သည်။ တိုက်ပွဲများဖြစ်ပွားချိန်မှစပြီး ပထမဆုံးအကြိမ် ရှောင်တိမ်းထွက်ပြေးရခြင်းဖြစ်သည်ဟု ပြောသည်။

> "လူအယောက် ၃၀၊ မိသားစု ၆ စုနဲ့ ကမန်းကတန်းထွက်လာခဲ့တယ်။ အသက် ၇၀ ကျော် ၃ ယောက် နဲ့ ၁၀ နှစ်အောက် ကလေး ၅ ယောက် ပါတယ်။ လွိုင်ကော်မြို့အထွက် လင်ဖုံးလေး လမ်းခွဲကနေ ရှမ်းပြည်နယ် ဖယ်ခုံဘက် လမ်းကနေလာတယ်။ လင်ဖုံလေး နားရောက်တော့ ဟတ်စကီး ကျမတို့နားဝဲနေတော့ အမလေး ကြောက်လိုက်တာ။ ကျမတို့ကို ဘဲပစ်မလားဆိုပြီး တွေးပြီး ကြောက်နေခဲ့ရတယ်။
>
> လမ်းမှာလည်း ဒုက္ခအရမ်းရောက်တယ်။ ကလေးတွေကော ခွေးတွေကော ထမင်းငတ်တယ်။ ကျမတို့လွိုင်ကော်ကနေ နေ့လည် ၁ နာရီကျော်ထွက်ပြီး အခု ရှမ်းပြည်တောင်ပိုင်းက နေရာကို ည ၈ နာရီကျော်မှရောက်တယ်။
>
> စစ်သားဂိတ်ရောက်တော့ ကျမတို့ဖုန်းကို စစ်တယ်။ ဖုန်း ၅ လုံးကို ဘာမှ မပြောဘဲစစ်တယ်။အဲ့ဒီမှာ အချိန်အကြာကြီးဘဲ။ ဘာဂိတ်လဲတော့ သေချာမသိပေမဲ့ ထီးရိုးရှာလို့ရေးထားတဲ့ ဆိုင်းဘုတ်တွေ့တယ်။ အဲ့အချိန်မှာ နောက်ကားတစ်စီးလာမှ သွားတော့ဆိုပြီး ပြော တော့ ကျမတို့မှာအလုံးကြီးကျသွားတယ်။ ရပ်ကွက်ဥက္ကဋ္ဌ နဲ့ လက်နက်ကိုင်ထားတဲ့ သူတစ် ယောက် ကျမတို့ရဲ့ နာမည်စာရင်းတွေယူ မှတ်ပုံတင်တွေမှတ်ပြီး ဓါတ်ပုံတွေရိုက်သွား တယ်။ ကယားကအဖွဲ့ ဘယ်သူတွေ ဒီမှာနေတယ် မှတ်တမ်းရှိတော့ ဘာများလုပ်မလဲဆိုပြီး စိုးရိမ်ရတယ်။ အခုချိန်ထိလုံခြုံတယ်လို့မခံစားရဘူး[၁၉]"။

## အရပ်သားများ နေထိုင်ရာသို့ ရမ်းသမ်းပစ်ခတ်ခြင်း

မြန်မာပြည်တဝှမ်း စစ်တပ်မှ ထိုးစစ်ဆင်တိုက်ခိုက်မှုများ တိုးမြင့်လာသည့်အတွက် ပဋိပက္ခအခြေအနေ အောက်ရှိ အမျိုးသမီးများအခြေအနေမှာ ပို၍ထိလွယ် ရှလွယ်ဖြစ်နေသည်။

### ကရင်ပြည်နယ်

ကရင်ပြည်နယ် ဖာဝကျေးရွာအုပ်စုတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစပြီး စစ်အာဏာရှင် တပ်များနှင့် ဒေသခံကာကွယ်ရေးတပ် (PDFs) များအကြား တိုက်ပွဲများ များပြားလာရာ ကျေးရွာ ၄ ရွာမှ စစ်ပြေးဒုက္ခသည် ၁၀၀၀ ခန့် ရှိလာသည် [၂၀]။ ထွက်ပြေးလာသူ အများစုမှာ အမျိုးသမီးနှင့် ကလေး များဖြစ်သည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ထွက်ပြေးတိမ်းရှောင်လာသည့် အမျိုးသမီး တဦးသည် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် ကမိကုန်းရွာအခြေစိုက် ခလရ ၉၇ မှ ပစ်ခတ်လိုက် သည့် လက်နက်ကြီး ထိမှန် သေဆုံးသွားသည် ။ ခလရ ၉၇ မှ လက်နက်ကြီး အလုံး ၃၀ ခန့်ပစ်ခတ်သ ဖြင့် ရွာအတွင်းရှိ အိမ်အလုံး ၂၀ ခန့် ပျက်စီးသွားသည်။



၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဘုရားသုံးဆူမြို့၏ အနောက်ဘက် ၃ ကီလိုမီတာရှိ နဂါးတောင်တွင် တပ်စွဲထားသည့် စစ်အာဏာရှင်တပ်များမှ လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် အမျိုးသမီးတဦးအပါအဝင် ရွာသား ၃ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်[၂၂]။ ပစ်ခတ်မှုကြောင့် အိမ်ထောင်စု ၁၂၀ ရှိ ရွာသားများ ထွက်ပြေးကြ ရပြီး KNU တပ်မဟာ ၄ ထိန်းချုပ်နယ်မြေရှိ တောတောင်များတွင် ခိုလှုံကြရသည်။

အလားတူ ဖြစ်ရပ်မျိုး ထားဝယ်မြို့ တောင်ဘက် တနင်္သာရီမြို့နယ်အတွင်းရှိ သက်ကယ်ကျော်၊ ချောင်းကောက်၊ ပဝ နှင့် သရဖုန်ရွာများတွင် ဖြစ်ပွားသည်။ ထိုဒေသရှိ အရပ်သားများမှာ အနီးဝန်းကျင်ရှိ တော၊ တောင်များသို့ ထွက်ပြေးကြရသည်[၂၃]။ မိုးသည်းထန်စွာ ရွာသွန်းသည့်အတွက်လည်း စစ်ပြေးဒုက္ခသည်များမှာ အခက်အခဲမျိုးစုံနှင့် ကြုံတွေ့ရပြီး အသက်ရှင်သန်ရန် လိုအပ်သည့် အခြေခံ ဝန်ဆောင်မှုနှင့် အကူအညီများ ရရှိရန်လည်း ခက်ခဲစွာရုန်းကန်ကြရသည်။

### ကချင်ပြည်နယ်

စစ်အာဏာသိမ်းပြီးပြီးချင်းမှာပင် စစ်အာဏာရှင်တို့သည် မြန်မာပြည်တဝှမ်း ထိုးစစ်များ ကျယ်ကျယ်ပြန့်ပြန့် ဆင်နွှဲခဲ့သည်။ လက်နက်ကြီး၊ ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းကြောင့် အရပ်သားများ ဘေးကင်းလုံခြုံရေးကို အကြီးအကျယ် ခြိမ်းခြောက် အန္တရာယ်ပြုနေသည်။

၂၀၂၁ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် မိုးမောက်မြို့နယ် နှမ်းလန်းရွာသို့ ခမရ ၃၇၀ နှင့် ၃၂၀ နှင့် တပ်မ ၈၈ တို့မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်[၂၄]။ အသက် ၅၀ အရွယ် အမျိုးသမီးတဦး နောက်ကျောဘက်တွင် ဒဏ်ရာရသွားပြီး စိတ်ပိုင်းဆိုင်ရာ ဝေဒနာ ခံစားသွားရသည်။ နောက်ထပ် အမျိုးသမီးတဦးမှာ မျက်စိကွယ်လုမတတ် ဖြစ်သွားသည်။ နောက်တနေ့ဖြစ်သည့် ဧပြီလ ၁၁ ရက်နေ့တွင် ည ၁၀ နာရီနှင့် ၁၁ နာရီကြား မြို့သစ်၊ စိဟတ်နှင့် ရွှေမြောင်းကျေးရွာများသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်သဖြင့် မြို့သစ်ကျေးရွာမှ မအေးဖြူ (၁၉နှစ်)၊ စိဟတ်မှ စိုင်းအိုက်လင်း (၂၃ နှစ်)၊ ရွှေမြောင်းရွာမှ ရာဟောကို (၈၃ နှစ်) နှင့် လိုင်အေးလိုင် (၈၄ နှစ်) တို့ လေးဦး သေဆုံးသွားသည်[၂၅]။ မြို့သစ်မှ ၁၀ နှစ်အရွယ် ယောကျာ်းလေးတဦးနှင့် ဘုန်းကြီးနှစ်ပါး ဒဏ်ရာရသွားသည်။

> ၂၀၂၁ ခုနှစ် ဧပြီနှင့် မေလများအတွင်း ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် အမျိုးသမီး ၃ ဦး သေဆုံးပြီး ၇ ဦး ဒဏ်ရာရသွားသည်[၂၆]။ စစ်အာဏာရှင်တပ်များမှ ရမ်းသမ်း ပစ်ခတ်ခြင်းကြောင့် သေဆုံး၊ ဒဏ်ရာရသွားသော ဖြစ်ရပ်များမှာ အကြောင်းမဲ့ပစ်ခတ်ခြင်းကြောင့် ဖြစ်သည်ကို KWAT မှ မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

## မုဒိန်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

အမျိုးသမီးနှင့် လုံမပျိုများအပေါ်မှ ပစ်မှတ်ထား၍ စစ်တပ်မှ အကြမ်းဖက်မှုနှင့် ပြစ်ဒဏ်ကွင်းလွင့်ခွင့် ရနေသည့် ပုံစံမှာ ဆယ်စုနှစ်နှင့်ချီ၍ ရှိနေပြီဖြစ်သည်။ အမျိုးသမီးများ၏ ဘဝအပေါ် လုံးဝလျစ်လျူရှု၍ အကာအကွယ် မပေးမှုကြောင့် တာဝန်ယူ၊ တာဝန်ခံရမှုမရှိပဲ ဆက်လက်ကျူးလွန်လျှက် ရှိကြသည်။

မုဒိန်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို KWAT အနေဖြင့် ဆယ်စုနှစ်များနှင့်ချီ၍ မှတ်တမ်း တင်ခဲ့သည်။ နစ်နာခဲ့သူများအတွက် တရားမျှတမှု ရရှိရန်လည်း တောင်းဆိုကြသည်။ ပြစ်ဒဏ်ကင်း လွတ်မှု ဓလေ့ကြောင့် မုဒိန်းမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ဖြစ်ပွားအောင် အားပေးအားမြှောက် ပြုလျှက်ရှိသည်။

၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၄ ရက် နံနက်တွင် မိုးမောက်မြို့နယ် နွမ်းလန်းရွာ အနောက်ဖက်ရှိ တောင်ရွာသို့ သွားနေသည့် အသက် ၅၈ နှစ်အရွယ် အမျိုးသမီးတဦးအား တပ်မ ၈၈ မှ စစ်သား သုံးဦးက မုဒိန်းပြု ကျင့်၍ ဓားဖြင့်ထိုး သတ်ဖြတ်မှုကို KWAT က အစီရင်ခံခဲ့သည်။ ကျူးလွန်သူများမှာ နွမ်းလန်းရွာအနီး အခြေစိုက်နေသည့် အမှတ် ၆၁၆ အမြောက်တပ်မှ ဖြစ်သည်။ အခင်းဖြစ်ပွားရာမှ အနောက်တောင် ဘက် ၅ ကီလိုမီတာတွင် အခြေစိုက်သည့် အမှတ် ၃၇၀ အမြောက်တပ်သို့ တင်ပြတိုင်တန်းခဲ့သည်[၂၇]။

နောက်တရက်တွင် ခန္ဓာကိုယ်ပေါ်တွင် အဝတ်အစား တပိုင်းတစသာ ဖုံးအုပ်ထားသည့် သူမအလောင်း အား တောင်ယာအနီးတွင် ဆွေမျိုးသားချင်းများမှ တွေ့ရှိခဲ့သည်။ ဓားဖြင့်ထိုးထားသည့် ဒဏ်ရာများနှင့် မုဒိန်းကျင့်ထားသော ထင်ရှားသည့် လက္ခဏာများ တွေ့ရသည်။ ဆေးစစ်ရန်အတွက် အလောင်းအား ဗန်းမော်ဆေးရုံသို့ ယူဆောင်သွားသည်[၂၈]။


၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၇ ရက်တွင် နိုင်ငံပိုင် မြန်မာ့အလင်းသတင်းစာတွင် အသက်အရွယ်ကြီးသူ အမျိုးသမီးတဦးအား သတ်ဖြတ်ခဲ့သည့် စစ်သား သုံးဦးအား ဖမ်းဆီးထားကြောင်းနှင့် စကားများကြရာမှ စစ်သားများက ဒေါသထွက်ခဲ့၍ ထိုသို့ဖြစ်ပွားကြောင်းသာ ဖော်ပြထားပြီး မုဒိန်းကျင့်မှုကို မဖော်ပြထားပေ[၂၉]။

ရက်များမကြာမီတွင် မုဒိန်းပြုကျင့်ခံရသူ၏ ယောကျ်ားအား ခမရ ၄၃၈ အခြေစိုက်ရာ နွမ်းလန်းရွာသို့ ခေါ်ယူပြီး နေပြည်တော်မှ ကျပ် ၂ သန်း (အမေရိကန်ဒေါလာ ၁၁၀၀ခန့်)နှင့် အမှတ် ၆၁၆ အမြောက်တပ်မှ ကျပ် ၁ သိန်း (အမေရိကန်ဒေါလာ ၅၅ ခန့်)  ကို ပေးအပ်ခဲ့ သည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၈ ရက်တွင် စစ်တပ်အရာရှိမှ နမ်လင်ရွာလူကြီးနှင့် ဒေသခံ ရဲအား အမှတ် ၆၁၆ အမြောက်တပ်သို့ ခေါ်ယူပြီး မှုခင်းနှင့် ပတ်သက်သည့် ကျူးလွန်သူများ ကိုင်ဆောင်သည့် လက်နက်နှင့် ကျူးလွန်ခံရသူ၏ ဖုန်း အပါအဝင် သက်သေအထောက်အထားများအား ရဲသို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။ ကျူးလွန်သူ စစ်သားများမှ  မုဒိန်းပြုကျင့်ကြောင်း  ဝန်ခံထွက်ဆိုပြီး DNA  စစ်ဆေးချက်အရလည်း မုဒိန်းပြုကျင့်သည်ကို သိရှိရကြောင်းနှင့် အမှုကို အရပ်ဖက်တရားရုံးသို့ လွှဲပြောင်းပေးမည်ဟု ပြောသည်။ သို့သော်လည်း နောက်ပိုင်းတွင် အမှုနှင့် ပတ်သက်ပြီး ဆွေမျိုးသားချင်းများမှ ထပ်မံသိရှိရ ခြင်းမရှိပေ[၃၀]။

နောက်ထပ် ဖြစ်ရပ်တခုမှာ မြန်မာနိုင်ငံတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်ပွားမှု အတိုင်းအတာကို ပြသနေသည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင်  ခလရ ၃၃၆မှ စစ်သားက ၎င်းတို့တပ်ဖွဲ့ စခန်းချ သည့် ဖာခစ်ရွာမှ မီတာ ၁၀၀ အကွာတွင် အသက် ၆၂ နှစ်အရွယ် အဖွားအား သူမ၏ တောင်ယာတဲ ပေါ်တွင် မုဒိန်းပြုကျင့်ခဲ့ခြင်းဖြစ်သည်။ ဖာခစ်ရွာမှာ ကွတ်ခိုင်မှ မူဆယ်သို့သွားသည့် လမ်းမကြီးပေါ်တွင် ရှိပြီး ကွတ်ခိုင်မြို့ မြောက်ဘက် ကီလိုမီတာ ၂၀ အကွာတွင် ရှိသည်[၃၁]။ ရွာသားများက ကျူးလွန်သူ၏ အထက်အရာရှိအား တိုင်တန်းသော်လည်း ပထမတွင် ငြင်းဆိုခဲ့သည် (အဖွားအား မူးယစ်ဆေးဝါးသုံးစွဲ ခြင်း မပြုရန် စစ်သားမှ ကြိုးစားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်) သို့သော်လည်း အခင်းဖြစ်မှုကို သိရှိသည့် မျက်မြင်သက်သေများ ရှိသိသည်ဟု သိပြီးနောက် အရေးယူပေးမည်ဟု သဘောတူခဲ့သည်။ ထို့နောက် ကျူးလွန်ခံရသူအား နစ်နာကြေး ကျပ် ၅ သိန်း (အမေရိကန်ဒေါလာ ၂၇၇ ခန့်)ပေးရန်နှင့် ဝန်ချတောင်းပန်ရန် (ဒေသဆိုင်ရာ ဓလေ့ထုံး တန်းအရ) စီစဥ်ခဲ့ပြီး ကျူးလွန်သူ စစ်သားအား ဖမ်းဆီးထားပြီး စစ်ခုံရုံးသို့တင်မည်ဟု ရွာသားများအား အသိပေးပြောကြားခဲ့သည်။



မကြာသေးခင်က ဖြစ်ပွားခဲ့သည့် မုဒိန်းပြုကျင့်မှုများက မြန်မာစစ်အာဏာရှင် တပ်များအနေဖြင့် တိုင်းရင်းသားဒေသများသို့ စစ်ဆင်ရေး တိုးချဲ့ရာတွင် အမျိုးသမီးများအနေဖြင့် မုဒိန်းပြုကျင့်ခံရရန် အန္တရာယ်အလွန်ကြီးမားသည်ကို ပြသနေသည်။



# အခန်း ၂။ မြန်မာစစ်အာဏာရှင်များအား အမျိုးသမီးများမှ ခုခံတွန်းလှန်မှု

စစ်အာဏာသိမ်းမှုကြောင့် အမျိုးသမီးနှင့် လုံမပျိုများအပေါ် သက်ရောက်မှုမှာ သိသာထင်ရှားသည်။ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသည့် အခြေအနေတွင် လက်နက်ကိုင်ပဋိပက္ခကြောင့် အကြီးအကျယ် ထိခိုက်မှုရှိသည့် တိုင်းရင်းသားဒေသများရှိ အမျိုးသမီး လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများ အနေဖြင့် အလွန့်အလွန် ကြီးမားသည့် အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

နိုင်ငံသားအခွင့်အရေးအပေါ် ပိုမိုကန့်သတ်ချုပ်ခြယ်ခြင်းကို မြင်တွေ့ကြပြီး အမှန်ကို ရဲရဲဝံ့ဝံ့ထုတ်ဖော် ပြောဆိုသည့်အခါ ၎င်းတို့အပေါ် အကြမ်းဖက်မှုခံရသည်။

အကြမ်းမဖက်အာဏာဖီဆန်ရေး (CDM) လှုပ်ရှားမှုတွင် ပါဝင်သူအများစုသည် အမျိုးသမီးများဖြစ်ကြ ပြီး ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများဖြစ်ကြသည်။ နွေဦးတော်လှန်ရေးနှင့် ဒီမိုကရေစီအောင်ပွဲအတွက် ၎င်းတို့၏ ကတိသံန္နိဋ္ဌာန်သည် ဘေးကင်းလုံခြုံရေးနှင့် ကောင်းကျိုးချမ်းသာများကို အနစ်နာခံ စွန့်လွှတ်မှုများအပေါ်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

အမျိုးသမီးများ၏ အခန်းကဏ္ဍကို လျစ်လျူရှု၍ မဖြစ်ပေ။ ရှေ့ထွက်ဆောင်ရွက်ကြသူများအတွက် လိုအပ်သည့်အကူအညီများ ကူညီရန် နောက်ကွယ်မှ ဆောင်ရွက်ပေးနေကစဉ်တွင် အမျိုးသမီးများသည် ဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ရှေ့ထွက်ဆောင်ရွက်ကြသည်။ စားနပ်ရိက္ခာများ စီစဉ်ခြင်းနှင့် PDFs တပ်သားများအတွက် လှူဒါန်းမှုများအား ခွဲဝေပေးခြင်းနှင့် ကျဆုံးသွားသည့် အရပ်သားများအတွက် စျာပနကုန်ကျစားရိတ်အား ၎င်းတို့၏ မိသားစုဝင်များအား ထောက်ပံ့ခြင်းတို့ ပါဝင်သည်။

အမျိုးသမီးများသည် ပိုနေမြဲ ကျားနေမြဲ အခြေအနေကို ဆန့်ကျင်စိန်ခေါ်မှုများကိုသာ မကဘဲ လေ့နံ့ ဓားထစ်သမားရိုးကျပုံစံများကိုလည်း ခုခံနေကြပြီး လူ့အခွင့်အရေးချိုးဖောက် ကျူးလွန်ခံရသူများအား ပြန်လည်ကုစားပေးလျော်ပေးရန်ငြင်းဆိုမှုအပါအဝင် တရားမျှတမှုဖော်ဆောင်ရေး စနစ်ပြုပြင်ပြောင်းလဲရေးကဲ့သို့ တန်းတူညီမျှမှုရရှိရေးအတွက်လည်း စည်းရုံးလှုံ့ဆော်နေကြသည်။

ကရင်နီ (ကယား) ပြည်နယ် လွိုင်ကော်မြို့မှ ဖလောရန့်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ အာဏာဖီဆန်ရေး အကြမ်းမဖက်လှုပ်ရှားမှု (CDM) တွင် ပါဝင်ခဲ့ပုံ အတွေ့အကြုံနှင့် ဒီမိုကရေစီရေးလှုပ်ရှားမှုအတွက် ထောက်ခံပံ့ပိုးပေးခဲ့ပုံကို ပြောပြသည်။

> အမျိုးသမီးများ၏ အခန်းကဏ္ဍကို လျစ်လျူရှု၍ မဖြစ်ပေ။ ရှေ့ထွက်ဆောင်ရွက်ကြသူများအတွက် လိုအပ်သည့်အကူအညီများ ကူညီရန် နောက်ကွယ်မှ ဆောင်ရွက်ပေးနေကစဉ်တွင် အမျိုးသမီးများသည် ဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ရှေ့ထွက်ဆောင်ရွက်ကြသည်။ စားနပ်ရိက္ခာများ စီစဉ်ခြင်းနှင့် PDFs တပ်သားများအတွက် လှူဒါန်းမှုများအား ခွဲဝေပေးခြင်းနှင့် ကျဆုံးသွားသည့် အရပ်သားများအတွက် စျာပနကုန်ကျစားရိတ်အား ၎င်းတို့၏ မိသားစုဝင်များအား ထောက်ပံ့ခြင်းတို့ ပါဝင်သည်။



> “ကျမက ကရင်နီ (ကယား) ပြည်နယ်က ဝန်ထမ်းတဦးပါ။ ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်မှာ စစ်တပ် က အာဏာသိမ်းတာကို အလိုမရှိလို့ အဲ့ဒီရက်ကတည်းက ရုံးမတက်ဘဲ CDM ဝင်ခဲ့ပါတယ်။ CDM လုပ်လို့ ကျမကို ၂၀၂၁ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှာ အလုပ်ကနေ ထုတ်ပယ်ကြောင်း စာ ထုတ်ခဲ့ပါတယ်။
>
> “ကျမက အကြီးဆုံး မောင်လေး ၃ ယောက်ရှိတယ်။ မောင်လေးတယောက်က ကျန်းမာရေးမ ကောင်းဘူး၊ တတိယမောင်လေးက ကရင်နီကာကွယ်ရေးတပ်ထဲဝင်သွားတယ်။ ကိုယ်က CDM လုပ်ထားတော့ ကြောက်ရသလို မောင်လေးတွေ တော်လှန်ရေးထဲဝင်သွားတော့ အမေအတွက်လဲ စိုးရိမ်ရတယ်။ သတင်းပေးတွေ နေရာတိုင်းမှာရှိတယ်လေ။ ရပ်ကွက်ထဲမှာဘဲ တော်လှန်ရေး တပ်ထဲဝင်တာ သတင်းရလို့ လာရှာပြီး ဖမ်းတာရှိတယ်လေ။
>
> CDM လုပ်နေတဲ့သူတွေနဲ့ PDFs ထဲဝင်သွားသူတွေအတွက် တခြားသူတွေ လှူဒါန်းတာတွေ ကို ကျမ ခွဲဝေပေးတယ်။ ၂၀၂၁ ဒီဇင်ဘာလကစပြီး တိုက်ပွဲတွေစိတ်လာတယ်။ ကျမ ဒီကနေ ဘယ်ကိုမှ မ သွားချင်ဘူး အခုတော့ တိုက်ပွဲတွေ ပြင်းထန် များပြားလာတော့ အိမ်ကနေ ထွက်ပြေး တိမ်းရှောင်နေရပြီ။ အမြောက်တွေ လေယဉ်နဲ့ ဗုံးကြဲတာတွေလည်း များလာလို့လေ။ ကျမတို့မိသားစုတွေ တကွဲ တပြားနဲ့ ရှမ်းပြည်တောင်ပိုင်းမှာ ရောက်နေကြတယ်။
>
> စစ်တပ်က CDM ဝင်တဲ့သူတွေကို စာရင်းလုပ်နေပြီး အရေးယူဖို့ လုပ်မယ်လို့ ကျမကြားတယ်။ ဒီ စစ်အာဏာတွေ ရှုံးသွားမှပဲ ကျတို့နိုင်ငံ ငြိမ်းချမ်းမယ်[၂၂]။

ပေးဆပ်မှုအတိုင်းအတာ ပမာဏပေါ်မူတည်၍ လွတ်မြောက်ရေးတိုက်ပွဲအတွက် အဆုံးသတ်အောင် မြင်နိုင်သည်မှုကို ရရှိမည်ဆိုသည့်စိတ်ဆန္ဒက မြန်မာပြည်တဝှမ်းရှိ ကြောက်ရွံ့မှုကင်းသည့် အမျိုးသမီးထုအပေါ်တွန်းအားဖြစ်စေသည်။ တိုင်းပြည်တဝှမ်း ဆန္ဒပြမှုများက စည်းလုံးညီညွတ်မှုဖြင့် စစ်အာဏာ ရှင်စနစ်ကို ဖြိုဖျက်နိုင်မည်ကို ပြသနေသည်။ အမျိုးသမီးငယ်များအပါအဝင် လေ့လာရေးအုပ်စုများက သမိုင်းတွင် ပေါ်ပေါက်ခဲ့သည့် အောင်မြင်သောဆန္ဒပြလှုပ်ရှားမှုများကို မြန်မာပြည်အတွက် တိတိကျ ကျ အသုံးပြုနိုင်မည့် အချက်များကို တဦးနှင့်တဦး အသိပညာပေး ဖွဲ့စည်းဆောင်ရွက်ကြသည်[၂၃]။

စစ်တပ်အား အရပ်သားဒေသများမှ ဆုတ်ခွာရုပ်သိမ်းရန် KWAT အပါအဝင် အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ (WLB) အဖွဲ့ဝင်များက ဆက်လက်တောင်းဆိုနေကြသည်။ နှစ်ကုန်တွင် “အန္တရာယ် အသွယ် သွယ်ကြားမှပင် နယ်ပယ်အသီးသီး၊ တိုင်းရင်းသား လူမျိုးအသီးသီးမှ အမျိုးသမီးများသည် ၎င်းတို့ ရပ်ရွာ အသိုင်းအဝိုင်းအတွက် ဆက်လက်ထောက်ပံ့ကူညီနေကြပြီး တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးအတွက် အသံမြှင့်၊ ပူးပေါင်းဆောင်ရွက်နေကြသည်” ဟု WLB မှ ထုတ်ပြန်သည်”[၂၄]။

## နိဂုံး

အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများသည် မြန်မာပြည်သူများအပေါ် ကြီးမားသော သက်ရောက်မှုဖြစ်ပေါ်စေသဖြင့် လျော့မတွက်သင့်ပေ။ စစ်အာဏာရှင်တို့အား ကြောက်ရွံ့မှုမရှိပဲ ဆန့်ကျင်လှုပ်ရှားနေသည့် ပြည်သူတို့၏ စိတ်အားထက်သန်မှုကိုလည်း ပြသနေသည်။ အမျိုးသမီးနှင့် ၎င်းတို့၏ မိသားစုများအပေါ် ပစ်မှတ်ထားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကြားမှ အမျိုးသမီးများသည် ရဲရင့်၊ ထူးချွန်ထက်မြက်မှုနှင့် စိတ်ခံတော်ကြံ့ခိုင်မှုတို့ဖြင့် ပါဝင်ကူညီ ဝိုင်းရံနေကြသည်။

ပြည်သူတို့၏အသံအား အလေးတယူလုပ် နားထောင်ခြင်းမရှိဘဲ တရားမျှတမှု ရှိမည်မဟုတ်ဆိုသည်ကို အမျိုးသမီးအဖွဲ့များနှင့် အရပ်ဖက်အဖွဲ့အစည်းများက ရှင်းလင်းစွာဆောင်ရွက် ပြသနေသည်။ မြန်မာ ပြည်ရှိ အမျိုးသမီးများသည် တန်းတူညီမျှမှုရရှိစေရန် ဆန့်ကျင်ခံရခြင်း၊ ဥပဒေရှေ့မှောက်တွင် အကာအကွယ်ပေးခြင်းနှင့် အသိအမှတ်ပြုခြင်းမခံရသော်လည်း သမိုင်းကြောင်းကိုပြောင်းလဲရန် လှုပ်ရှား ဆောင်ရွက်နေမှုအပေါ် တားဆီးနိုင်မည် မဟုတ်ပေ။

ရှေ့တွင် မည်သည့် စိန်ခေါ်မှုများ ကြုံတွေ့နေပါစေ မြန်မာအမျိုးသမီးများသည် တော်လှန်ရေး အောင် မြင်သည်အထိ လှုပ်ရှားဆောင်ရွက်ရန် သန္နိဋ္ဌာန် ချမှတ်ထားသည်။ အမျိုးသမီးတဦးက “အရေးအကြီး ဆုံးအချက်က တော်လှန်ရေးအောင်ဖို့ပဲ။ တခြားလူတွေကြုံရသလိုပဲ ကျမမိသားစုမှာလည်း စိန်ခေါ်မှုတွေ အများကြီးရှိတယ်။ ကျမအိမ် ပျက်စီးသွားတာ မလိုချင်ဘူး။ ဒါပေမယ့် ပျက်စီးသွားရင်တောင် ကျမတို့ နိုင်တဲ့အခါ ပြန်ဆောက်နိုင်တယ်” ဟု ND-Burma သို့ ပြောသည်။

## နိုင်ငံတကာအသိုင်းအဝိုင်းသို့ အကြံပြုချက်

၁။ မြန်မာစစ်အာရှင်တို့နှင့် ဆက်သွယ်ဆောင်ရွက်မှုများ ချက်ခြင်းရပ်ဆိုင်း၍ နိုင်ငံတကာမှ အမျိုး သားညီညွတ်ရေးအစိုးရ (NUG) နှင့် တိုးချဲ့ ကိုယ်စားပြု ဆွေးနွေးမှုးပြုရန်။

၂။ စစ်အာဏာရှင်တို့ အခွန်ဘဏ္ဍာရရှိစေမည့် စီးပွားရေးလုပ်ငန်းများအပေါ် စီးပွားရေးပိတ်ဆို့ရန်၊ စစ်အာဏာရှင်တို့ ပြုတ်ကျပြီး ဖက်ဒရယ်ဒီမိုကရေစီစနစ်သစ် ရောက်ရှိလာချိန်အထိ နိုင်ငံရေး ကုမ္ပဏီများ မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ရန်။

အရပ်ဖက်အဖွဲ့အစည်းများ ထပ်လောင်းတောင်းဆိုနေသည့် ပစ်မှတ်ထား ပိတ်ဆို့အရေးယူရန် နှင့် စစ်ခရိုနီ ကုမ္ပဏီမျးနှင့် ဆက်သွယ်မှုဖြတ်တောက်ရန် အပါအဝင် မြန်မာစစ်အာဏာရှင်များ အား အသိအမှတ်မပြုရန်နှင့် ဖြုတ်ချရန်

၃။ မြန်မာပြည် အကြပ်အတည်းကာလအတွင်း လူူဒါန်းကူညီမှုများသည် ယုံကြည်စိတ်ချရသည့် အရပ်ဖက်အဖွဲ့အစည်းများနှင့် နယ်ခြားဖြတ်ကျော် အကူအညီပေးမှုများမှတဆင့် ထိခိုက်နစ်နာ လွယ်ဆုံး လူထုထံရောက်ရှိစေရန်။

၄။ နိုင်ငံရပ်ခြား အလှူရှင်များအနေဖြင့် ၎င်းတို့၏ အကူအညီအထောက်အပံ့များသည် စစ်အာရှင် တို့အား မည်သည့်နည်းဖြင့်မဆို အသိအမှတ်ပြုရာ သို့မဟုတ် ထောက်ပံ့ပေးရာ မရောက်စေရန် နှင့် လူသားချင်းစာနာသည့် အကူအညီများသည် နယ်ခြားဖြတ်ကျော်ကူညီပေးသည့် အဖွဲ့များမှ တဆင့် စစ်အာဏာရှင်တို့ ဖိနှပ်ဖြိုခွင်းမှုကြောင့် ထွက်ပြေးလာပြီး တိုင်းရင်းသားတော်လှန်ရေး အဖွဲ့များ ထိန်းချုပ်နယ်မြေတွင် ခိုလှုံနေရသူများထံ ရောက်ရှိစေရန်။

၅။ မြန်မာပြည်တဝှန်း ပြည်သူများအပေါ် အကြမ်းဖက်မှုများ ချက်ခြင်းရပ်တန့်ရန်၊ နိုင်ငံရေးအကျဉ်းသား အားလုံးလွှတ်ပေးရန်နှင့် တိုင်းရင်းသားဒေသများမှ စစ်တပ်များ ရုပ်သိမ်းစေရန်အတွက် စစ်အာဏာသိမ်းခေါင်းဆောင်များအား ဖိအားပေးရန်။



၆။ တရုတ်အပါအဝင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် စစ်ပွဲများနှင့် ဖိနှိပ်ရက်စက်မှုမှ ထွက်ပြေးလာရသူများအား လုံခြုံစိတ်ချစွာ ခိုလှုံခွင့်ပြုရန်နှင့် လူသားချင်းစာနာသည့် အကူအညီများ ရယူခွင့်ပြုရန် တောင်းဆိုပါသည်။

## ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) သို့

၁။ မြန်မာပြည်တွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအား နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲအပ်ရန်။

၂။ ကချင်နှင့် တခြားတိုင်းရင်းသားဒေသများတွင် လေကြောင်းမှ တိုက်ခိုက်မှုတိုးမြင့်လာသည့်အတွက် UNSC မှ လေယာဉ်မပျံသန်းရဇုန် သတ်မှတ်ပေးရန်နှင့် တရုတ်အပါအဝင် အိမ်နီးချင်း နိုင်ငံများအား အာဏာရှင်တပ်များမှ ၎င်းတို့လေကြောင်းပိုင်နက်ကို အသုံးပြုတိုက်ခိုက်ခြင်းအား တားဆီးပေးရန်။

၃။ မြန်မာစစ်အာဏာရှင်များအား လက်နက်ရောင်းချမှု တားမြစ်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ရောင်းချမှု ရပ်ဆိုင်းရေး ချက်ခြင်းချမှတ်ရန်။

၄။ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် နိုင်ငံရေးအကျဉ်းသား ၁၀၀၀ ကျော်အား ခြွင်းချက်မရှိ လွှတ်ပေးရန်အတွက် စစ်အာဏာရှင်များအား ဖိအားပေးရန်။

## အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (ASEAN) သို့

၁။ မြန်မာစစ်အာဏာရှင်များနှင့် လက်တွဲလုပ်ဆောင်မှုများအား ချက်ခြင်းရပ်တန့်၍ NUG နှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်။

၂။ မြန်မာစစ်အာဏာရှင်တို့နှင့် ဆက်စပ်နေသည့် ASEAN နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ဘဏ္ဍာရေးကိစ္စများ တရားဝင်ရပ်ဆိုင်းရန်

၃။ ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ရောင်းချမှု ပိတ်ပင်ရေးနှင့် မြန်မာပြည်ကိစ္စအား နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးရန် ASEAN မှ ထောက်ခံပံ့ပိုးပေးရန်။

## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM)

ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် စစ်မှန်သည့်ငြိမ်းချမ်းရေး ပြန်လည်ထွန်းကားလာစေရန် ရည်ရွယ်ချက်တို့ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ၁၉၉၅ ခုနှစ် ဇွန်လတွင် စတင်ဖွဲ့စည်းတည် ထောင်ခဲ့သည်။ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံမှ ကျောင်းသားလူငယ် မျိုးဆက်များနှင့် ဒေသတွင်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဖြင့် ဖွဲ့စည်းခဲ့သော လူ့အခွင့်အရေး အဖွဲ့အဖြစ် မြန်မာနိုင်ငံတောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေများကို စတင်ဖွဲ့စည်းခဲ့စဉ်ကတည်းက ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေး၊ စစ်မှန်သော ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေး အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန်အတွက် တိုက်တွန်းလှုံ့ဆော်မှုများ၊ ပညာပေးရေးအစီအစဉ်များ၊ သတင်းအချက်အလက်နှင့် အစီရင်ခံစာထုတ်ဝေခြင်းများ ပုံမှန်ဆောင်ရွက်နေသည့် လူ့အခွင့်အရေးဖောင်ဒေးရှင်း ဖြစ်သည်။

## ကချင်အမျိုးသမီးအစည်းအရုံးထိုင်းနိုင်ငံ (KWTA)

ကချင်အမျိုးသမီးအစည်းအရုံးထိုင်းနိုင်ငံသည် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှုများ ပပျောက်ရန် အကျိုးအမြတ်မယူဘဲ လုပ်ကိုင်နေသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။ အမျိုးသမီးများ၏ နေထိုင်ဘဝ တိုးမြှင့်ပေးရန်၊ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်စေရန်၊ ကချင်ပြည်နယ်တွင် လူမှုရေးတရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက်လုပ်ဆောင်နေသောအဖွဲ့ဖြစ်သည်။

## လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ) ND-Burma အကြောင်း

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့များ လူ့အခွင့်အရေးမှတ်တမ်းပြုခြင်းလုပ်ငန်းတွင် ပူးပေါင်း ဆောင်ရွက်ရေးအတွက် နည်းလမ်းတရပ်ဖြည့်ဆည်းပေးသော အားဖြင့် (၂၀၀၄) ခုနှစ်တွင် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ND-Burma ၏ အဖွဲ့ဝင် ၁၃ ဖွဲ့သည် တိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် လိင်စိတ်ကွဲပြားသူများအား ကိုယ်စားပြုသည်။

ကွန်ရက် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းများတွင် မည့်သို့သော ဒုက္ခဝေဒနာများ ခံစားနေရပုံအကြောင်း အဖြစ်မှန် အမှန်တရားကို စုပေါင်းအသုံးပြုကာ၊လောလောဆယ် စည်းရုံးတိုက်တွန်းတင်ပြခြင်း နည်းလမ်းဖြင့် စစ်အစိုးရ၏ အာဏာကို စုပေါင်း စိန်ခေါ်ရန် ကြိုးစားနေ ကြပါသည်။

လွတ်လပ်စွာ အခမဲ့သုံးနိုင်သော Open-Source Software ကို အသုံးပြုလျက် အဖွဲ့ဝင်များပေးသော သတင်းအချက်အလက်များကို ညှိနှိုင်းပြီး၊ ဘုံအချက်အလက် ဘဏ်မှာ ထည့်သွင်းပါသည်။ ထိုအပြင် ပူးတွဲအစီရင်ခံတင်ပြခြင်းနှင့် စည်းရုံလှုံ့ဆော်တိုက်တွန်းခြင်း လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်ပါသည်။ အခွင့်သင့်ပါက မိမိ၏ လုပ်ငန်း နယ်ပယ်မှန်သမျှတွင် အခြားသော လူ့အခွင့်အရေးအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။



## Endnotes


1. “The women of Myanmar: ‘Our place is in the revolution’ Al Jazeera, 25 April 2021
2. See “Ministry of Women, Youths and Children Affairs,” National Unity Government
3. “Women Power in the Spring Revolution,” The Assistance Association for Political Prisoners, 16 February 2022
4. Ibid
5. HURFOM Bulletin
6. Ibid
7. Ibid
8. Ibid
9. KWAT Bulletin
10. Section 505(b), notably, penalizes making, publishing or circulating “any statement, rumor or report, with intent to cause, or which is likely to cause, fear or alarm to the public or to any section of the public whereby any person may be induced to commit an offense against the State or against the public tranquility.
11. Ibid
12. Press Release by the Kachin Women’s Association Thailand: New KWAT report: climate of impunity fuels military rape in northern Burma, 15 December 2021
13. HURFOM Bulletin
14. Ibid
15. Ibid
16. ND-Burma Interview conducted 24 February 2022
17. HURFOM Bulletin
18. Ibid
19. ND-Burma Interview conducted 11 January 2022
20. Ibid
21. Ibid
22. Ibid
23. Ibid

## Endnotes


24. KWAT Bulletin
25. Ibid
26. Ibid
27. Ibid
28. Ibid
29. Ibid
30. Ibid
31. Ibid
32. ND-Burma Interview, January 24 2022
33. “In the borderlands, women lead the charge,” Frontier Myanmar, 3 April 2022
34. “October and November Situation Update,” The Women’s League for Burma, 24 December 2021




# ခုခံတော်လှန်ခြင်း

စစ်အာဏာသိမ်းပြီးချိန်မှစ၍ တနှစ်အတွင်း
မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏
ရဲစွမ်းသတ္တိကိုစမ်းသပ်မှု။



မတ်လ ၂၀၂၂

HURFOM

Network for Human Rights Documentation - Burma
ND - Burma

KWAT